# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| – | စာရေးဆရာကြီး (ဦး)ဖိုးကျော့၏ အမှာစာ | က |
| – | ဆရာတင့်ခိုင်၏ အမှာစာ | ဃ |
| – | စာရေးသူ၏ အမှာစာ | ဆ |
| ၁။ | ချစ်ဇော | ၁ |
| ၂။ | လွမ်းတော်မူလို့ | ၁၅ |
| ၃။ | ရှဉ့်တစ်ကောင်၏ မှာတမ်း | ၃၁ |
| ၄။ | တိမ်စင်တဲ့ည | ၅၅ |
| ၅။ | ဟန်ဆောင်ကာမူပို | ၇၅ |
| ၆။ | လထွက်ကလေး... မြင်းပေါ်တင် | ၈၉ |
| ၇။ | လင်းတ တစ်ကောင်၏ ဖြောင့်ချက် | ၉၉ |
| ၈။ | ရှက်သွေး | ၁၃၃ |
| ၉။ | စိမ့်ကြီး မြိုင်ကြီး ရိပ်ကြီးတောတောင် | ၁၅၁ |
| ၁၀။ | ဖက်ရှုံဆေးစုံ ခြယ်သောပုံသို့ | ၁၈၁ |
| ၁၁။ | ရွှေကြိုးနဲ့ ဒုံးမြင်း | ၂၀၅ |




## စာရေးသူ၏ အမှာစာ

ကျွန်တော်သည် ၂၀၀၄ ခုနှစ်၊ မတ်လထုတ် 'လုံမလေး မဂ္ဂဇင်း' တွင် ပါဝင်သော 'တိုက်ငါးတစ်ကောင်၏ ဖြောင့်ချက်' ဝတ္ထုတိုဖြင့် စာပေလောကသို့ စတင်ဝင်ရောက်လာခဲ့သူ ဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလထုတ် 'မဟေသီမဂ္ဂဇင်း' တွင် 'လင်းတ တစ်ကောင်၏ ဖြောင့်ချက်' မဂ္ဂဇင်းဝတ္ထုရှည် ဖော်ပြခံရပါသည်။ ထို့နောက် 'ရွှေအမြုတေ' မဂ္ဂဇင်း၊ ကလောင်သစ်ကဏ္ဍ၌ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် "ရှက်သွေး" ဝတ္ထုတိုကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ်၊ မတ်လတွင် 'ချစ်ဇော' ဝတ္ထုတိုကိုလည်းကောင်း၊ နှစ်လဆက်တိုက် ရွေးချယ်ဖော်ပြခြင်း ခံခဲ့ရပါသည်။ ထိုသို့ 'ရွှေအမြုတေ မဂ္ဂဇင်း' ကလောင်သစ်ကဏ္ဍ၌ နှစ်လဆက်တိုက် ဖော်ပြခံခဲ့ရသော ဝတ္ထုတို(၂)ပုဒ်အနက် 'ချစ်ဇော' ဝတ္ထုတိုအား ဆရာတင့်ခိုင်က(၂၄. ၃. ၂၀၀၈)ရက်နေ့ထုတ် 'အလင်းတန်းဂျာနယ်' အမှတ်-၄၄၉၊ စာမျက်နှာ (၈)တွင် ရွှေအသစ် ဝတ္ထုတို သုံးသပ်ချက်အဖြစ် ဝေဖန်ပေးခဲ့ရာမှ "ကိုကိုလတ်(ဆည်မြောင်း)" ဟူသော ကလောင်အမည်အား စာဖတ်ပရိသတ်များက စတင်၍ သတိထားမိလာကြပါသည်။ ထို့ကြောင့် ကိုကိုလတ် (ဆည်မြောင်း) ဟူသော ကလောင်သည် 'လုံမလေး' နှင့် 'မဟေသီ' တို့မှ မွေးဖွား ပေးလိုက်ပြီး 'ရွှေအမြုတေ' မှ စာပေစင်မြင့်ပေါ်သို့ တင်ပေးလိုက်သည့် ကလောင်တစ်ချောင်းဖြစ်ပါကြောင်း မိမိ ခံယူထားပါသည်။

နောက်ပိုင်းတွင် ကျွန်တော်သည် 'ရနံ့သစ်၊ မြဝတီ၊ ချယ်ရီ၊ ကလျာ၊ သရပေါ၊ ပန်းအလက်ာ၊ ရုပ်ရှင်အမြုတေ၊ ပေဖူးလွှာ' စသည့် ရသစုံမဂ္ဂဇင်းများတွင်လည်းကောင်း၊ 'မြတ်ပန်းရဂုံ၊ ဓမ္မရတနာ၊



လောကပါလ၊ ပါရမီ' စသည့် ဘာသာရေးမဂ္ဂဇင်းများတွင်လည်းကောင်း၊ 'သောင်းပြောင်းထွေလာ ရယ်စရာမဂ္ဂဇင်း၊ ဟာဒယ ရယ်စရာမဂ္ဂဇင်း' စသည့် ဟာသမဂ္ဂဇင်းများတွင်လည်းကောင်း၊ 'မှုခင်းစုံ' လျှို့ဝှက်သည်းဖို မဂ္ဂဇင်းများတွင်လည်းကောင်း၊ 'ဂန္ဓာရီ၊ သုရဿ၊ သိဒ္ဓိမိုး၊ ရောင်ပြန်၊ နက္ခတ္တရောင်ခြည်' စသည့် ဂမ္ဘီရမဂ္ဂဇင်းများတွင် လည်းကောင်း ရေးသားခဲ့ရာ ခြောက်နှစ်တာ ကာလအတွင်း ဝတ္ထုတို (၅၀)ကျော်နှင့် ဆောင်းပါး (၅)ပုဒ်ခန့် ရေးသားခဲ့ပါသည်။

ကျွန်တော်သည် ငယ်ရွယ်စဉ်မှစ၍ ယနေ့တိုင် တိရစ္ဆာန်လေးများကို ချစ်ခင်နှစ်သက် တွယ်တာတတ်သူ တစ်ဦးဖြစ်ပါသည်။ ထို့ပြင် ငယ်ရွယ်စဉ်မှစ၍လည်း တိရစ္ဆာန်ပေါင်းစုံကို ဝါသနာအလျောက် မွေးမြူခဲ့ဖူးပါသည်။ ကျွန်တော် မွေးမြူခဲ့ဖူးသော တိရစ္ဆာန်များမှာ 'ခွေး၊ ကြောင်၊ မန်ဒါလီ၊ တိုက်ငါး၊ ငုံး၊ ဆိတ်၊ မွေးမြူရေးကြက်များ၊ နွား၊ ရှဉ့်၊ ဒီးဒုတ်၊ ဘဲ၊ ဝက်၊ တိုက်ကြက်၊ မျောက်၊ ကြက်တူရွေး၊ ဘဲငန်းကြီးများနှင့် ရွှေငါးအမျိုးမျိုး' တို့ဖြစ်ပါသည်။ ထိုသို့ တိရစ္ဆာန်အမျိုးမျိုးကို မွေးမြူခဲ့ဖူးသဖြင့် ၎င်းသတ္တဝါလေးများ၏ ဓလေ့စရိုက်များကို အနီးကပ် မြင်တွေ့လေ့လာခဲ့ဖူးပါသည်။ ထိုသို့ လေ့လာခဲ့ဖူးမှုများကြောင့်လည်း ကျွန်တော်၏ ဝတ္ထုများတွင် ပါဝင်သော သတ္တဝါလေးများ၏အကြောင်းကို ရေးသားရာ၌ ၎င်းတို့၏ ဓလေ့စရိုက်များကို ပီပြင်စွာ အသေးစိတ် ရေးသားနိုင်ခဲ့ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ မဂ္ဂဇင်းအသီးသီးတွင် ဖော်ပြခြင်းခံရပြီးသည့် ဝတ္ထုတိုများအနက်မှ ကျွန်တော် ကြိုက်နှစ်သက်သည့် တိရစ္ဆာန်လေးများအကြောင်း ရေးသားထားသော ဝတ္ထုတိုများကို သီးသန့်စုစည်း၍ ကျွန်တော်၏ ပထမခြေလှမ်းအဖြစ် ဤဝတ္ထုတိုပေါင်းချုပ်ကို ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။



ဤစာအုပ်နှင့်ပတ်သက်၍ ကျွန်တော်ပြောလိုသည့် အချက် (၂)ချက် ရှိပါသည်။ နံပါတ်(၁)အချက်အနေဖြင့် တင်ပြလိုသည်မှာ ကျွန်တော်သည် စိတ်ကူးယဉ်ဇာတ်လမ်းများကို မရေးဖွဲ့တတ်ပါ။ မိမိကိုယ်တိုင် တွေ့ကြုံခံစားခဲ့ဖူးသည့် တကယ့်ဖြစ်ရပ်မှန်များကိုသာ ရေးသားတတ်သူတစ်ဦး ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့ ကျွန်တော် ရေးသားပြီးသမျှ ဝတ္ထုတိုများအားလုံးသည် ပြင်ပလောကတွင် အမှန်တကယ် ဖြစ်ပျက်ခဲ့ပြီးသော ဖြစ်ရပ်မှန် ဇာတ်လမ်းများ ချည်းသာဖြစ်ပါကြောင်း ပထမအချက်အနေဖြင့် ပြောကြားလိုပါသည်။ နံပါတ်(၂)အချက်အနေဖြင့် ၎င်းဖြစ်ရပ်မှန် ဇာတ်လမ်းများတွင်မှ စာရေးသူ ကျွန်တော်ကိုယ်တိုင် ၎င်းဇာတ်လမ်းတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ခဲ့သော ဝတ္ထုတိုများမှာ ၇၅%ခန့် ရှိပါသည်။ ဥပမာအနေဖြင့် ပြောရလျှင် ယခုဝတ္ထုတိုပေါင်းချုပ်တွင် ပါဝင်သော ဝတ္ထု (၁၁)ပုဒ်အနက် 'တိမ်စင်တဲ့ညနှင့် လင်းတ တစ်ကောင်၏ ဖြောင့်ချက်' ဝတ္ထုတို (၂)ပုဒ်တွင်သာ စာရေးသူ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်ခြင်းမရှိခဲ့သော်လည်း ပြင်ပ လောကတွင် ကိုယ်တွေ့ လုပ်ကိုင်စားသောက် ကြုံတွေ့ခဲ့သူများ၏ ဖြစ်ရပ်မှန်များဖြစ်ပါသည်။ ကျန်ဝတ္ထုတို (၉)ပုဒ်တွင် စာရေးသူသည် ဝတ္ထုတစ်ပုဒ်လုံးတွင်သော်လည်းကောင်း၊ တစ်ထောင့်တစ်နေရာမှ သော်လည်းကောင်း မိမိကိုယ်တိုင် ပါဝင်ပြီး ကိုယ်တွေ့ကြုံခဲ့ရသည့် မိမိ၏ ဖြစ်ရပ်မှန် အတွေ့အကြုံများကိုသာ ရေးသားထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဤဝတ္ထုတိုပေါင်းချုပ်တွင် ပါဝင်သော ဝတ္ထုတိုများအားလုံးသည် ပြင်ပလောကတွင် အမှန်တကယ် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန်များချည်းသာ ဖြစ်ပါကြောင်း စာရေးသူအနေဖြင့် ဝန်ခံကတိပြုပါသည်။

နိဂုံးချုပ်အနေဖြင့် ကျွန်တော် အထူးတင်ပြလိုသည်မှာ ယနေ့



ရသစာပေလိုင်းတွင် လူ့သဘာဝ၊ လူ့စရိုက်၊ လူ့လောကအကြောင်း အရာများချည်းသာ ရေးသားထားသည့် ဝတ္ထုတိုများက ယနေ့ မြန်မာ့ဝတ္ထုတိုလောကတွင် 'ပထမ' အများဆုံးအနေဖြင့် လွှမ်းမိုးလျက်ရှိပြီး တိရစ္ဆာန်များအား အမဲလိုက်သည့် တောလိုက်ဝတ္ထုတိုများက 'ဒုတိယ' နေရာမှ လွှမ်းမိုးလျက် ရှိနေပါသည်။ ထို့ကြောင့် ကျွန်တော့်အနေဖြင့် အထက်ဖော်ပြပါ မြန်မာ့ဝတ္ထုတိုလောက၏ အစဉ်အလာလိုင်းများမှ ဖောက်ထွက်ကာ မိမိတို့ အနီးပတ်ဝန်းကျင်ရှိ သတ္တဝါငယ်လေးများအား လူအများမှ သတိထား၊ စိတ်ဝင်စားလာပြီး အကြင်နာတရားများ ပေးလာစေလိုသော ရည်ရွယ်ချက်ဖြင့် ကျွန်တော်၏ ငယ်ရွယ်စဉ်က ကျော်လွန်ခဲ့သော အကုသိုလ် ကိုယ်တွေ့ အမှားအချို့အား ဝန်ခံဖော်ပြကာ ရေးသားထားခြင်း ဖြစ်ပါသည်။ ကျွန်တော်၏ ဝတ္ထုတိုလေးများအား ဖတ်ရှုပြီးနောက် စာဖတ်သူ အနေဖြင့် မိမိပတ်ဝန်းကျင်ရှိ တိရစ္ဆာန်လေးများအပေါ် ကြင်နာ သနားစိတ် အနည်းငယ် ဖြစ်ပေါ်လာလျှင်ပင် ဤဝတ္ထုတိုစုအား ကျွန်တော် ရေးရကျိုးနပ်ပြီဟု ခံယူမိပါသည်။

ဤဝတ္ထုတိုပေါင်းချုပ် ထွက်ရှိရေးအတွက် အဖက်ဖက်မှ အကြံဉာဏ်များ ပေးကြသည့် မန္တလေးမှ စာရေးဆရာ စိုးဘားဗိုင်နှင့် မကွေးမှ စာရေးဆရာများအပြင် အခြား ကျေးဇူးတင်ထိုက်သူများ အားလုံးအား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ။

ကိုကိုလတ် (ဆည်မြောင်း)